Arakan Human Rights and Development Organisation

ရခိုင်လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့

AHRDO

P.O Box - 113, Mae Sot, Tak- 63110, Thailand. Tel/Fax: +66 (0) 550 302 49, Mobile: +66(0) 827 759 267,
Email: info@arakanhrdo.org, Website: http://www.arakanhrdo.org

ထုတ်ပြန်ကြေငြာချက်

နေ့စွဲ- ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်။
စာအမှတ်- ရလဖတဖ/ဗဟို/ထုတ်ပြန်/၀၂/၁၂။

ရခိုင်လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ရလဖတဖ)မှ "**(၂)နှစ်လွန်ဂီရိမုန်တိုင်း-** *မြန်မာနိုင်ငံအနောက်ဘက် ရခိုင်ပြည်မှ အသံများ*" အမည်ရှိ အစီရင်ခံစာအား ထုတ်ပြန်လိုက်သည်။ ဤအစီရင်ခံစာသည် ဂီရိမုန်တိုင်း (၂)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဂီရိမုန်တိုင်းမတိုက်မီနှင့် တိုက်ခတ်ပြီးနောက်ပိုင်းမှ ယနေ့အချိန်ထိ အခြေအနေများအား အများပြည်သူသိစေရန် အချက်အလက်များအား အသေးစိတ်စုစည်းဖော်ပြထားသည့် "ရလဖတဖ" ၏ ပထမဆုံးသော အစီရင်ခံစာဖြစ်သည်။

ဂီရိမုန်တိုင်းသည် ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်ခဲ့ပြီး ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ (၂၂) ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းများသို့တိုင် တိုက်ခတ်ခဲ့သည်။ တစ်နာရီလျှင် ၁၂၀ မှ ၁၆၀ မိုင်နှုန်းဖြင့် ရခိုင်ပြည်နယ်၏ မြေပုံ၊ ပေါက်တော၊ ကျောက်ဖြူနှင့် မင်းပြားမြို့နယ်များသို့ အပြင်းထန်ဆုံး တိုက်ခတ်ခဲ့သည်။ ဂီရိမုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်သူအနည်းဆုံး (၂၅၉) ယောက် အသက်ဆုံးရှုံးခဲ့ရပြီး မုန်တိုင်းတိုက်ခတ်သွားသည့် ဒေသတစ်လျှောက် လူနေအိမ်များ၊ စိုက်ပျိုးပြီးလယ်ယာများ၊ ငါးဖမ်းလှေများနှင့် ငါးဖမ်းပိုက်များအပါအဝင် စာသင်ကျောင်းများ၊ ဘာသာရေး အဆောက်အအုံများ၊ လမ်းများနှင့် တံတားများလည်း ပျက်စီးခဲ့ရသည်။

ဂီရိမုန်တိုင်းသင့် ဒုက္ခသည်များအား အရေးပေါ်အကူအညီများနှင့် ဆေးဝါးများပေးရန် နအဖ စစ်အစိုးရမှ တာဝန်ပျက်ကွက်ခဲ့ပြီး (၂၀၁၀) ရွေးကောက်ပွဲကျင်းပမည့် ကာလဖြစ်သည့်အတွက် အများအာရုံစိုက်မှုကိုလည်း မရရှိခဲ့ပေ။ နိုင်ငံခြားတိုင်းပြည်များမှ အရေးပေါ်အကူအညီများပေးရန် ကမ်းလှမ်းမှုတစ်ချို့ကိုလည်း နအဖ စစ်အစိုးရမှ လက်မခံခဲ့သည့်အပြင် မုန်တိုင်းသင့် ရခိုင်ပြည်သူများအား လျစ်လျူရှုကာ ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက်သာ မဲဆွယ်စည်းရုံးခဲ့သည်။ ထိုကာလတွင် နိုင်ငံတကာနှင့် ပြည်တွင်းအကူအညီပေးရေးအဖွဲ့အစည်းများ၏ အရေးပေါ်ကူညီရန် လုပ်ဆောက်ချက်များကို ကန့်သတ်တားမြစ်မှုများ ပြုလုပ်ခဲ့ပြီး ဒုက္ခသည်များအတွက် နိုင်ငံအချို့မှ လှူဒါန်းသည့်ပစ္စည်းများကို အလွဲသုံးစားပြုခဲ့သည်။ ထို့ကြောင့် မုန်တိုင်းသင့် ပြည်သူများအနေဖြင့် မုန်တိုင်းကာလအရေးပေါ်အချိန်အတွင်း လုံလောက်သော အစားအစာ၊ သောက်သုံးရေနှင့် ခိုလှုံစရာ အမိုးအကာ များမရဘဲ ခိုကိုးရာမဲ့ဖြစ်ခဲ့ရသည်။

မုန်တိုင်းတိုက်ခတ်ပြီး (၃)လအတွင်း (သို့) အရေးပေါ်အခြေအနေနောက်ပိုင်း ပြည်တွင်းနှင့် နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့အစည်း (NGO)များအားလုံးသည် မုန်တိုင်းဒါဏ်သင့်ဒေသမှ ထွက်ခွာသွားခဲ့သည်။ (၂၀၁၀)ရွေးကောက်ပွဲ ပြီးဆုံးချိန်တွင် ကြားကာလအနိုင်ရပါတီ (အစိုးရ) တို့သည်လည်း ရခိုင်ပြည်နယ်၏ ဘေးဒုက္ခဆိုးများကို ကူညီပေးရန် လျစ်လျူရှုထားခဲ့သည်။ ထို့ကြောင့် မုန်တိုင်းဒါဏ်သင့် ရခိုင်ပြည်သူများအနေဖြင့် သူတို့၏ပျက်စီးဆုံးရှုံးသွားသော ဘဝအိုးအိမ်များကို ပြန်လည်တည်ဆောက်ရန် အစိုးရသစ်နှင့် နိုင်ငံတကာအသိုင်းအဝိုင်း ကူညီကယ်ဆယ်ရေး အဖွဲ့အစည်းများမှ အကူအညီများ လုံလောက်စွာ မရရှိခဲ့ကြသည့်အပြင် နိုင်ငံတကာအကူအညီပေးရေး အဖွဲ့အစည်းများမှ ပေးအပ်ခဲ့သည့် အကူအညီများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှတစ်ဆင့် ဖြန့်ဝေခဲ့သည့်အတွက် မုန်တိုင်းဒါဏ်သင့် ပြည်သူ

များ လိုအပ်သည့် အကူအညီများ ညီမျှစွာမရရှိခဲ့ပေ။ လိုအပ်သည့် အရေးပေါ်အကူအညီများကိုလည်း အချိန်မှီဖြန့်ဝေမှု မပြုခဲ့သည့်အတွက် ရပ်ရွာများအတွင်း လူမှုရေးပြဿနာ အများအပြားကို ဖြစ်ပေါ်စေခဲ့သည်။

ဦးသိန်းစိန်အစိုးရဖွဲ့စည်းပြီးနောက် ရခိုင်ပြည်နယ်၏ မုန်တိုင်းဒါဏ်သင့်ဒေသများမှ ရခိုင်လူထုများက ပြန်လည် ထူထောင်ရေး ကိစ္စများကို ပြုလုပ်ပေးလာရန် မျှော်လင့်ခဲ့သော်လည်း ဦးသိန်းစိန်အစိုးရအနေဖြင့် ယနေ့တိုင် လျစ်လျူ ရှုထားခဲ့သည်။ ထို့ကြောင့် မုန်တိုင်းဒါဏ်သင့်ပြည်သူများအနေဖြင့် ဂီရိမုန်တိုင်းတိုက်ခတ်ခဲ့သည့်အချိန် (၂) နှစ်ကျော် ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း ပျက်စီးဆုံးရှုံးသွားသော အိုးအိမ်တိုက်တာအဆောက်အအုံများနှင့် မိသားစုဘဝများကို အပြည့်အဝ ပြန်လည် တည်ဆောက်နိုင်ခြင်း မရှိသေးပေ။ ၎င်းတို့ကိုပြန်လည်တည်ဆောက်နိုင်ရန်အတွက် အခက်အခဲပေါင်း မြောက်မြားစွာဖြင့် ရင်ဆိုင်နေရဆဲ ဖြစ်သည်။

ဂီရိမုန်တိုင်းဖြစ်စဉ်နှင့် နာဂစ်မုန်တိုင်းဖြစ်စဉ်တို့ ကွာခြားချက်မှာ ဂီရိမုန်တိုင်းကို နိုင်ငံတကာသတင်းမီဒီယာများမှ လျစ်လျူ ထားသည့် အချက်ပင်ဖြစ်သည်။ အစိုးရ၏ တာဝန်ယူမှု ပျက်ကွက်နေမှုများနှင့် အလေးထားမှုမရှိသည့်အတွက် မုန်တိုင်း ဒါဏ်သင့် ရခိုင်ပြည်သူများ၏ဘဝမှာ ယနေ့တိုင် ရင်တက်မအေးဖွယ်ဖြစ်နေသည်ကို တွေ့မြင်နိုင်သည်။ ထို့ကြောင့် မြန်မာ အစိုးရနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် ဂီရိမုန်တိုင်းသင့် ပြည်သူများ၏ ယနေ့တိုင် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို သိရှိနိုင်ရန် ဤအစီအရင်ခံစာကို ထုတ်ပြန်လိုက်သည်။

ထို့ကြောင့် မိမိတို့ရခိုင်လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ရလဖတဖ) အနေဖြင့် ဂီရိမုန်တိုင်းသင့် ရခိုင်ပြည်သူ များ၏ ပျက်စီးဆုံးရှုံးသွားသော မိသားစုဘဝများအား ပြန်လည်တည်ဆောက်ရန်အတွက် မုန်တိုင်းတိုက်ခတ်ပြီး (၂) နှစ် ကြာလာသည့်အထိ လိုအပ်နေဆဲအကူအညီများကို မြန်မာနိုင်ငံအစိုးရနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ အကူအညီများ ပေးသွားရန်အတွက် တိုက်တွန်းနိုးဆော်အပ်ပေသည်။ ထို့အပြင် မြန်မာနိုင်ငံအနောက်ဘက်ရှိ ရခိုင်ပြည်သူများအနေဖြင့် ဂီရိမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော မိမိသားစုဘဝများနှင့် အိုးအိမ်တိုက်တာ အဆောက်အအုံများကို ပြန်လည် တည်ဆောက်ရန်အတွက် ယနေ့တိုင်ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများကို မြန်မာပြည်တွင်းနှင့် နိုင်ငံတကာ သတင်းမီဒီယာများမှ အလေးပေးဖော်ပြပေးရန်အတွက် ထပ်ဆင့် တိုက်တွန်းအကြံပြုအပ်ပေသည်။

ဆက်သွယ်ရန်-

အောင်မင်းဦး (အမှုဆောင် ဒါရိုက်တာ)

အီးမေးလ်- amo@arakanhrdo.org

လက်ကိုင်ဖုန်း- + ၆၆ (၀) ၈၁၆ ၇၃၆ ၃၂၆